# မာတိကာ


| | | |
|---|---|---|
| – | ဝတ္ထုနှင့်လူ | |
| ၁။ | အရိယာနှင့် အရက် | ၁ |
| ၂။ | အလှ ဘယ်မှာနည်း | ၁၅ |
| ၃။ | အလွန်အလုပ်များသူ | ၃၄ |
| ၄။ | ထန်းသမားတေကြီး | ၄၉ |
| ၅။ | သူ့ခေတ်နှင့် သူ | ၆၄ |
| ၆။ | ဤခြံမြေ | ၇၅ |
| ၇။ | အရင်းရှင်စနစ်နှင့် ဗျူရိုကရေစီခေတ် | ၉၀ |
| ၈။ | ခေတ်ပြောင်းချိန် | ၁၀၃ |
| ၉။ | ဩော်– ခင်လေးရယ် | ၁၆၉ |
| ၁၀။ | လူဝင်စား | ၁၈၃ |
| ၁၁။ | လူ့မနော | ၁၉၂ |
| ၁၂။ | အနနှင့် အကြမ်း | ၁၉၈ |
| ၁၃။ | ဒီစိတ်နှင့် ဒီအရွယ် | ၂၁၂ |


□

## တာပေဆု ရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်

ဤစာအုပ်၌ပါသော ဝတ္ထုများသည် အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ စစ်ကြီးပြီးစ (ကက်စတီ)ခေတ်၊ လွတ်လပ်ရေးခေတ်၊ ဖဆပလ နိုင်ငံရေးအကွဲအပြဲခေတ် ခေတ်ပြောင်းတော်လှန်ရေးခေတ်တို့တွင် နီးနီးကပ်ကပ် မြင်သိထိတွေ့ခဲ့ရသော တောနှင့်မြို့မှ ဆင်းရဲချမ်းသာ လူ့အလွှာအသီးသီးတို့၏ ဖြစ်ရပ်များ၊ လေ့စရိုက်၊ အမူအကျင့်၊ အတွေးအခေါ်များကို မီးမောင်းထိုး၍ ရုပ်လုံးဖော်ပြထားသည်။ ဝတ္ထုတစ်ပုဒ်သည် ဝတ္ထုစာတ်အိမ်တည်ဆောက်ရာ ခေတ်၊ စနစ်နှင့် လူမှုဘဝကို ကိုယ်စားပြုသော ပြယုဂ်များ ဖြစ်သည်။

ဤလောကမြေမဟီဝယ်တွင် ပါဝင်သော ဝတ္ထုတိုများသည် ခေတ်အမျိုးမျိုးမှ လူအမျိုးမျိုးတို့၏ ဘဝအမျိုးမျိုးကို ရေးဖွဲ့ထားသည့် သရုပ်ဖော်ဝတ္ထုတိုများ ဖြစ်သည်။ ရေးဖွဲ့ရာ၌ ဦးတည်ချက်ကောင်းသည်၊ ရသမြောက်သည်ဟု ဆုရွေးချယ်ရေးအဖွဲ့က မှတ်ချက်ချထားသည်။

□



"ဤလောကမြေမဟီဝယ် ဝတ္ထုတိုပေါင်းချုပ်၌ ပါဝင်သော ဝတ္ထုတိုများသည် ခေတ်အမျိုးမျိုးမှ လူအမျိုးမျိုးတို့၏ ဘဝအမျိုးမျိုးကို ရေးဖွဲ့ထားသည့် ဘဝသရုပ်ဖော် ဝတ္ထုတိုများဖြစ်သည်။ ရေးဖွဲ့ရာ၌လည်း ဦးတည်ချက်ကောင်းသည်။ ရသမြောက်သည်"

ဤသို့လျှင် အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီက ထောက်ချက်ပေးသော 'ဤလောကမြေမဟီဝယ်' သည် သော်တာဆွေ၏ ဘဝရုပ်ပုံလွှာများ ဖြစ်ပေရာ အနုအရင်း၊ အနီးအဝေး၊ ရောင်စုံလှသော ကားချပ်များဟု ဆိုရပေမည်။

'အလွန် အလုပ်များသူ' မှာ တစ်နေ့သာကုန်၍ ဘာမှ မလုပ်ဖြစ်တော့ဘဲ လိပ်သားနှင့် ချက်ခြည်းကာ အိပ်ပျော်ခြင်းသို့ ရောက်ရသော ပါးစပ်အလုပ်သမား ကိုမောင်ချိုကဲ့သို့ လူမျိုးအား သရော်ထား၏။ 'အလုပ်အလွန်များလှသော ကိုမောင်ချိုသည် ယင်းည အိမ်ပြန်ရောက်သည်၌ နက်ဖြန်ဘာကစပြီး လုပ်ရမည်ကို မစဉ်းစားနိုင်ဘဲ အိပ်ပျော်ခြင်းသို့ ရောက်သွားလေ၏' ဟု ဟာသဖြင့် ဇာတ်သိမ်းထားလေသည်။

ရှေးတုန်းက သုံးနှစ်သုံးမိုး စောင့်ကြရ၏။ လက်ထပ်ဖြစ်ပြန်တော့လည်း အပေးအယူ ညှိရ၏။ ပေါင်းဖက်မိသော် ကွဲသည်ဟုမရှိသလောက်။ ယနေ့ခေတ်တွင် ယနေ့ လက်ထပ်၊ နက်ဖြန် ကွာရှင်းကြပုံကို 'သူ့ခေတ်နှင့်သူ' တွင် လှစ်ပြထားသည်။ ရှေးခေတ်၏ သမီးရည်းစား အသုံးအနှုန်းကို ဟာသကလေး နှောထားသည်။



"တစ်ယောက်နှင့်တစ်ယောက် ကိုတွေ၊ မောင်တွေ၊ မိတွေ ခေါ်ဖို့ ဝေးဘိတောင်း၊ သူတို့နာမည်မှ မခေါ်တတ်ကြသေး။ ကျွန်တော့်အမည်မှာ မောင်ထွန်းလင်းဖြစ်ရာ မအေးယဉ်က အစ်ကို့အား "မောင်ထွန်းလင်းအစ်ကို" ဟုခေါ်၏။ အစ်ကိုက သူ့စနီးလောင်းအား ကျွန်တော့် ရှေ့ထားပြီး 'မင့်မမယဉ်' ဟုဆို၍ စကားပြော၏။ တကတည်း ကျွန်တော်မရှိ၊ သူ ဘယ်လိုပြောမည်မသိ။"

'ခေတ်ပြောင်းချိန်' ဝတ္ထုမှာ သတ္တဝါတို့ သံသရာမှ 'မာနနှင့် ကာလ' ဇာတ်အိမ်ကို ပြန်လည်၍ အသေးစိတ် ထပ်မွမ်းသော ဝတ္ထုရှည်ဖြစ်လာသည်။ ချစ်တီးကုလားတို့ခေတ်နှင့် ကျေးရွာသားတို့ အညွှံ့ခံရပုံနှင့် ယနေ့ခေတ် တောကျေးလက် သမဝါယမအထိ ဆွဲယူထားသည်မှာ ခေတ်ကာလများစွာကို ပြယုဂ်ပြုထားသည်။ ထိုခေတ်နှင့် မိတမေတ္တာကို ဖွဲ့စည်းထားသည်မို့ အချစ်ဝတ္ထုကောင်းတစ်ပုဒ်လည်း ဖြစ်လာသည်။

လူ့လောကတွင် ဥစ္စာသည် အပင်မဟုတ်၊ ပြောင်းလဲပျက်စီးတတ်သည်။ ထို့အတူ အလှသည် အချိန်နှင့်အမျှ အိုမင်းရင့်ရော်တတ်၏။ ဤသဘောကို 'ဩော်– ခင်လေးရယ်' တွင် ပြောပြထား၏။ တစ်ခေတ်တစ်ခါက ရွှေမျက်နှာဖုံး ကွမ်းတောင်ကိုင် သမီးပျို၏ ပြောင်းလဲတတ်သော ဘဝအတိုင်း အဆင်းရဲဆုံး မိန်းမဘဝရောက်နေသည်ကို ဖော်ပြရာတွင် 'လောကဓံ' တရားကို သတိရစေသည်။ လူ့ဘဝဆိုသည် မမြဲသည့်သဘောကို သံဝေဂ ပွားစေ၏။

လူ့မနောသည် ရလေလိုလေ အိုတဏှာဖြစ်၏။ အားမရ၊ တင်းမတိမ်၊ အလိုရှမ္ဘက်နောက် လိုက်တတ်သည်။ ထိုသဘောကို 'လူ့မနော' တွင် ဒန့်သလွန်သီးသည် သော်တာဆွေနှင့် သန်းသန်း၊ ခေါ်ကြည်စု စသော အိမ်ရှင်မတစ်သိုက်၏ အရောင်းအဝယ် ဇာတ်လမ်းကလေးဖြင့် သရော်ထားသော လူ့သဘာဝ အဖွဲ့တစ်ခု ဖြစ်၏။ (ဤဇာတ်လမ်းမှာ မြန်မာ့အသံက ဇာတ်လမ်းပမာအဖြစ် ထုတ်လွှင့်ခဲ့သည်။) လူ့အလို နတ်မလိုက်နိုင်ဆိုသော စကားကိုလည်း သက်သေပြထား၏။ လူဆိုသည်မှ သည်လိုပါကလားဟု ကန့်လန့်ကာကားကို လှစ်ပြသလို ထင်ရှားလှပေသည်။



သော်တာဆွေသည် လူ့သဘာဝ၊ လူ့စရိုက်၊ ဘဝ အတွေ့တွေ့ကို ပီသအောင် ဖွဲ့နိုင်သူအဖြစ် သူ၏ဘဝဝတ္ထုများက သက်သေခံနေသည်။ လူ့သဘာဝကို ထင်မြင်လာအောင်လည်းကောင်း၊ လူတို့အား စိတ်ခံစားမှုတစ်ခုခုကို ငြိစွဲစေသည်အထိလည်းကောင်း၊ လောကအဖြစ်အပျက်တို့အား ထင်ရှားစေသည်အထိလည်းကောင်း ဖွဲ့နိုင်မှသာ စာပေကောင်းတို့၏ လက္ခဏာဟု ပညာရှင်တို့ သတ်မှတ်ကုန်၏။ ထို့ကြောင့် သော်တာဆွေ၏ 'ဘဝစာ' တို့သည် လူ့သဘော၊ လူ့စရိုက်၊ ခေတ်အကြောင်း ပီသစွာ ဖော်နိုင်သည်ဟု ယေဘုယျ ဆိုနိုင်သဖြင့် စာကောင်းတို့လက္ခဏာ ရှိသည်ဟု ဆိုနိုင်အံ့ထင်ပါသည်။

သော်တာဆွေသည် စာဖွဲ့ရာတွင် ရိုးရိုးနှင့် ပီပြင်အောင် ရေးနိုင်သည် သာမက 'ပြော' နိုင်သည်။ စာအဖွဲ့ကြား၌ စကားပြော ထည့်သွင်းရေးရာ၌ ကျွမ်းကျင်လှ၏။ (ဤအချက်ကို မကြိုက်သူလည်း ရှိပေမည်။) စာဖွဲ့စကားပြောဟု မထားဘဲ စကားနှင့် စာကို နှောကာ ပြောလေ့ရှိ၏။ ဥပမာ...

"ကုလီတွေကား ငင်းနမ့်နာပေါ်းတွေ အများကြီးနိုးယူပြီး သူတို့ဝေယူရန် ဖြစ်၏။ ထိုပြင် ငင်းတို့သည် ပေါင်ချိန် ခိုးခြင်းဖြင့်လည်း စားပေါက်ထွင်တတ်ကြသေး၏။ × × × ထိုလယ်သမားသည် စပါးရောင်းရပါပြီတဲ့။ ရှောရှောရှူရှူပဲ ချိန်ပြီးပြီးသွားပြီ။ ငွေကို ချက်ချင်းမပေးသေး။ ၃–၄–၅–၆ ရက်၊ အိုး ... ကြာချင်သလောက် ကြာမည်။ အဲသည်တော့ ဒီရက်တွေ မစောင့်နိုင်တဲ့ လယ်သမား။"

သော်တာဆွေသည် ဘဝ သုံးသွယ် ကူးခဲ့၏။ ဟာသ၊ စုံထောက်မှ ဘဝသရုပ်ဖော် စာရေးဆရာဖြစ်လာ၏။ ပြန်တွက်သော် ဘဝ စာရေးဆရာအဖြစ် ၁၉ နှစ်မျှပင် ရှိချေပြီ။ လောက၏ သက်သေကောင်းတစ်ဦးသဖွယ် အမြင်ကို အမြင်အတိုင်း ရိုးရိုးရှင်းရှင်း ဖောက်သည်ချသော သူ့စာများသည် စာဖတ်သူတို့အတွက် ယနေ့တိုင် ရွှဲမြဲအောင် မြဲနေဆဲ ဖြစ်လေသည်။ သူသည်လည်း ကြိုးစားနေဆဲ ဖြစ်လေသည်။

တာရာ

၁၉၇၃ ခု မေလ၊ ရွှေပရုဒ်ခုံမွှင့်